

ပွဲဦး
Cartoonist And Illustrator

ဖွဲ့မီး

တောင်လိုပုံနေတဲ့
ဖွဲပုံကြီး အောက်ခြေကို
ဆေးလိပ်တစ်တို
ပြုတ်ကျလာတယ်။

မြောက်ပြန်လေကြောင့်
လက်တစ်ဝါးစာ.... ပြာဖြစ်ရုံ
'ဖွဲမီး'လေး...လောင်သွားတယ်။

မြောက်ပြန်လေ ဆက်တိုက်နေတယ်။

လူ၌
မိတ်ဆွေ သပ်သပ်

ရန်သူ သပ်သပ်
လွန်ရှိအပ်၏။
(မိတ်ဆွေလည်း ... သူ
ရန်သူလည်း ...သူ) အတူတူ
တစ်ထပ်တည်းကား
"မီး" ဖြစ်၏။
"မီး"ထဲတွင် ... တင်စားခြင်း အခံရဆုံးနှင့်
ကြောက်စရာ အကောင်းဆုံး မီးကား...
"ဖွဲမီး"။ ။
(ဟုတ်ကဲ့ ကြောက်လန့်တကြား တင်စားကြည့်ပါသည် ။)

## ပထမပိုင်း

"အဖွင့်"
"လူတိုင်း မလွဲမသေ ကြုံရမှာ ဘာလဲ"
ဟု ကျွန်တော်က ခပ်တည်တည် မေးပါမည်။
ခင်ဗျားက သောတာပန် လေသံနှင့်...
"သေခြင်း တရားပေါ့"

ဟု ခပ်အေးအေး ဖြေပါလိမ့်မည်။ ကျွန်တော်က…

"သာတာပန် မဖြစ်သေးတဲ့ ခင်ဗျားဟာ… အဲဒီ သေခြင်းတရားကြီး ကို နေ့တိုင်း စဉ်းစားနေလို့ လား…၊ အိုခြင်း တရား နောက်ပိုင်းမှ စဉ်း စားမှာ မဟုတ်ဘူး လား…"

လို့ ထပ်ဆင့် မေးခွန်း ထုတ်ပါမည်။

"ကိုင်း… ဒါဆို သေခြင်းတရား မတိုင်ခင်… လူတိုင်း မလွဲမသေ ကြုံ ရမှာ ဘာလဲ…"

ဟူ၍ စိတ်ဝင်တစား မေးခွန်းပြန်ထုတ်ပါလိမ့်မည်။

ဟုတ်ကဲ့… ကျွန်တော် အဲဒီ အခြေအနေကို လိုချင်တာပါ။

အဲဒီမှာ တင် ကျွန်တော် ပြောချင်နေတဲ့ စကား… စတင်နိုင်ပါပြီ။

လေးနက်တဲ့ လေသံနှင့် ကျွန်တော်က…

"ချစ်ခြင်း မေတ္တာတရားပေါ့ဗျာ"

စဉ်းစားမနေဘဲ… ဒီစကားကို ပြတ်သားစွာ… ခင်ဗျား လက်ခံသွား မှာ ပါ။ အဲသမှာ ကျွန်တော် ပြောကွက် ဆက်ရပြီ…။

နှစ်လုံးထဲ ပြောရရင်တော့ "အချစ်" ပေါ့…နော့…။

ခင်းခင်းကျင်းကျင်း… သိုင်းသိုင်းဝိုင်းဝိုင်း… ဝန်းဝန်းဝိုက်ဝိုက်… သို က်သိုက်မြိုက်မြိုက်… ဝေဝေစည်စည်… ဝေဝေဆာဆာနဲ့ မြိုင်မြိုင်ဆိုင် ဆိုင် ပြောရမယ် ဆိုရင်တော့ …(မောလိုက်တာဗျာ)။

"အဲ… ဒီလိုဗျ"

* * *

လူဖြစ် လာပြီ ဆိုကတည်းက တစ်ချိန်ချိန်မှာ တော့ အချစ်နဲ့ ထိပ်တိုက် တွေ့မှာ ပါပဲ။ များ သောအားဖြင့်တော့ လူပျိုဖော် အပျိုဖော် ဝင်ခါစ၊ ဝင်ပြီးချိန်မှာ … စိတ်ထဲ ကိုယ်ထဲ အချစ်စိတ်တွေ တဖွားဖွား အံ့ကျင်းဖွဲ့နေတတ်ပြီ။ (ဆန့်ကျင်ဘက်လိင်) ကိုယ်ချစ်ရမယ့် သူလည်း တွေ့ရော အုန်းကနဲ ပွင့်အန် ပေါက်ကွဲ ထွက်လာတတ်ပါတယ်။

ဒါယေဘုယျ သဘောပါ။

တချို့လည်း ရင်ထဲက တအုံနွေးနွေး အထုပ်အထည်ကြီးကို… အုန်းကနဲ ပုံးခွဲခွင့် မကြုံဘဲ… တစ်သက်လုံး အချစ်နဲ့ အလွဲကြီး လွဲခဲ့ရသူတွေလည်း ရှိပါတယ်၊ လူပျိုကြီး၊ အပျိုကြီး ဘဝနဲ့ အရိုးထုတ် ဒါမှ မဟုတ် မီးသင်္ဂြိုလ်စက်ထဲက ပြာတွေအဖြစ် ပြာပေါင်း ထုတ်သွားရသူတွေကို ပြောတာပါ။ သူတို့ ဟာ….အိမ်ထောင်သားမွေး လွန်ရှုပ်ထွေးတို့ ၊ ခပ်အေးအေးပဲ နေပ့ါမယ်တို့ ၊ အာသဝေါနဲ့ လောကီကိစ္စတွေကို စိတ်ကုန်နေပြီတို့ အစရှိတဲ့ ဒိုင်းတွေနဲ့ ရင်ထဲက အချစ်စိတ်ကို ဂုတ်နှိပ်တတ်ကြပါတယ်။ သနားပါတယ်။

အရွယ်လွန်မှ အချစ်ကို တွေ့ရှိတတ်ကြသလို၊ အရွယ်မရွေး အချစ်ကို တွေ့ရှိနိုင်ပါတယ်။ ကျွန်တော် ပြောခဲ့သလို များ သောအားဖြင့်တော့ အပျိုဖော်၊ လူပျိုဖော် ဝင်စဝင်ပြီး လူပျိုဖားဖား အပျိုဖားဖား ဘဝမှာ အချစ်နဲ့ တွေ့ကြတာ များ ပါတယ်။

ကိုယ့်လူ ယုံမလားတော့ မသိပါဘူး။ ကျွန်တော် အချစ်နဲ့ စတင်ထိတွေ့ကာ အခါလည် သားကျော်ကျော်မှာ ပါ။

ကဗျာဆန်ဆန်ပြောရရင်… ဟုတ်ကဲ့… အင်မတန် နူးညံ့တဲ့ အနီရောင် ကတ္တီပါသား အမေ့သားအိမ်ကြီးထဲကနေ … အင်မတန် ရှုပ်ထွေးပွေလီတဲ့ ရောင်စုံလောက သားအိမ်ကြီးထဲကို ရောက် လာပြီး… တစ်နှစ်နဲ့ သုံးလသား (၁၅)လ သားလောက်မှာ ကျွန်တော်ဟာ အချစ်ကို စတင်တွေ့ရှိပါတယ်။

"ဗျာ"ခနဲ ဖြစ်သွားပါသလား…၊ မဗျာပါနဲ့ တကယ်ပါ… ဟောသလိုတွေ့ရှိ အတိအကျပါ။

* * *

တောမြို့လေး တစ်မြို့ ရှိတယ်။ အဲဒီမြို့စွန်မှာ သစ်စက်ကြီး တစ်လုံး ရှိတယ်။ သစ်စက်ဝင်းကြီးထဲမှာ စက်သူဌေးအိမ်ကြီးနဲ့ အလုပ်သမားတွေ တန်းလျားတွေ ရှိတယ်။ သစ်စက်ရဲ့ နောက်ဘက် အုတ်တံတိုင်း ခြံစည်းရိုးနောက်မှာ တော့ တမျှော်တခေါ် လယ်ကွင်းစိမ်းစိမ်းတွေ ရှိတယ်။

အဲဒါ ကျွန်တော် အချစ်ကို စတင်တွေ့ရှိမယ့် နောက်ခံအခင်းအကျင်းပါပဲ။ တစ်နည်းအားဖြင့် ကျွန်တော်စတင်ဝင်ရောက်လာတဲ့ ရောင်စုံလောကကြီးရဲ့ ပထမ နံ့ရံတွေလည်း ဖြစ်ပါတယ်။ ဘဝရဲ့ မမေ့မလျော့ဖွယ် အံ့မခန်း ဆန်းကျယ်မှုတွေ စတင်မယ့် သက်ရှိပန်းချီကား တစ်ချပ်ကြီးပါပဲ။

အချစ်ကို စတင်တွေ့ရှိအောင် ဖန်တီးထားတဲ့ အတွင်းသား အခြေအနေ တချို့ကလည်း အံ့ဝင်ဂွင်(ခွင်) ကျ တည်ရှိလို့ နေပါတယ်။

စက်သူဌေးကြီး ဦးမောင်လှနဲ့ ဒေါ်စောတင်မှာ သားနှစ်ယောက်နဲ့ သမီးနှစ်ယောက်ရှိပါတယ်။ အထွေးဆုံး သမီးချောလေး ကြင်ကြင်လှိုင်ဟာ ... သစ်ကား ဒရိုင်ဘာလည်း ဖြစ်တဲ့ ငစိုးမြင့် ဆိုသူနဲ့ လိုက်ပြေးခဲ့ပါတယ်။ အချစ်ဆုံး သမီးထွေးမို့ သူဌေးကြီး အမျက်ကြီးပါတော့တယ်။ သမီးအဖြစ်မှ စွန့်လွှတ်တဲ့ အထိ ဖြစ်ပျက်ခဲ့ပါတယ်။

ငစိုးမြင့်ဟာ အရက်ကလေး တမြမြ၊ အရည်ကလေး ဝင်ပြီလား ဆိုမှ ဖြင့် ကားလ်မက်စ်၊ အိန်ဂျယ်လ်၊ လီနင်၊ စတာလင်၊ ခရုရှက်ဆိုတဲ့ စကားလုံးတွေ ပါးစပ်က တဖွဲ့န်းဖွဲ့န်း ထွက်ကျတတ်ပြီး ... အခြေခံ လူတန်းစား အရင်းရှင်တော်လှန်ရေး၊ ဘူစွာ လူတန်းစားဆိုတဲ့ အသုံးအနှုန်းတွေနဲ့ ကြုံးဝါးတတ်တာကို သူဌေးကြီးက အမုန်းဆုံးပါ။

တိုတိုပြောရရင် ဗိုက်ကလေးတစ်လုံးရမှ ခဝါချပြီး ပြန်ခေါ်တယ်ပေါ့လေ။ ဒါတောင် သူဌေးက အိမ်ပေါ်တန်းတက်ခွင့် မပေးဘူး။

အလုပ်သမားတန်းလျားက အကောင်းဆုံး အခန်းမှာ ပဲ တင်ထားတာပါ။ ငစိုးဟာ အားကိုးရတဲ့ စက်ပြင်မက္ကင်းနစ် ဖြစ်တာလည်း ပါမှာပေါ့။

လူပျော်လူနောက် လူတိုင်းကို ကူညီချင်သူမို့ လူချစ်လူခင် များ တာလည်း ပါပါတယ်။ သူဌေးသားမက် ခေါ်ရင် ပြုံးနေတတ်တဲ့ အဲဒီ ငစိုးမြင့်ဟာ သစ်စက်ဝန်းထဲ ပြန်ရောက်ပေမယ့် သစ်တုံးကြား၊ သစ်ပုံကြားကတော့ အိန်ဂျယ်၊ ကားလ်မတ်စ်တွေ ထွက်နေတုန်းပါပဲ၊ တမြမြ လုပ်တုန်းပါပဲ။

ဟုတ်တဲ့ ...။

ကျွန်တော့်ကို အဲဒီ တန်းလျားမှာ ပဲ မေမေ ကြင်ကြင်လှိုင်က အောင်မြင်စွာပဲ အူဝဲသံနဲ့ တစ်ခဲနက် မီးရှူး သန့်စင်ဖွားမြင်ပါတယ်။

မင်္ဂလာပါ လောကကြီး…(အူဝဲရဲ့ အဓိပ္ပာယ်ပါ ခင်ဗျာ)။

* * *

ကိုယ့်လူကြားဖူးလားတော့ မသိဘူး။ ပြင်သစ်လူဝီ ဘုရင် တစ်ပါး ညဏ်သွားပုံပါ။ (လူစီနံပါတ်တော့ မေ့နေတယ် အဖြစ်မှန်ပါ)။

တပြိုင်နက်ထည်း တစ်နေ့တည်း မွေးတဲ့ … မွေးကင်းစ ကလေး(၃၀ )ကို နန်းတော်ကို ခေါ်ယူလိုက်တယ်။ လိုလေသေးမရှိ ပြုစုစောင့်ရှောက်တယ် ရှယ်ပေါ့၊ အထူးသမားတော်တွေ၊ အထူးနို့ထိန်း နာနီတွေနဲ့ ၊ အထူးကြပ်မတ် ဂရုစိုက်တယ်။

သူလိုချင်တာက… မိဘ အသိုင်းဝိုင်း မဟုတ်ရင် ၊ သူတို့ အချင်းချင်း ဘာသာစကား အသစ်တစ်ခုကို စတင်ပြောလာလိမ့်မယ်။ ဘယ်လို ဘာသာ ဗေဒ ဖြစ်မလဲပေ့ါ.. နော့။

စိတ်ဝင်စားစရာ ကောင်းတယ် ကိုယ့်လူရေ… သူ အထူးတားမြစ်ထားတာက ကလေးတွေနဲ့ ထိတွေ့နေတဲ့ ဆရာဝန်တွေ၊ နို့ထိန်းတွေ၊ နာ့စ်တွေ၊ နာနီနဲ့ ကလေးတွေကို စကားမပြောရ၊ ရယ်မပြရ၊ ပြုံးမပြရ။ မလိုက်နာရင် ခေါင်းဖြတ်စက်နဲ့ ကွပ်မျက်မယ်ပေါ့….။

ဘာစကား စပြောလာမယ် ထင်လဲ ကိုယ့်လူ။ ကြေကွဲစရာပါပဲ၊ ဘာစကားမှ ပြောမသွားကြဘူး၊ စကားပြောမယ့် အရွယ် မရောက်ခင် အဲဒီကလေးတွေအားလုံး တုံးတုံးလေးတွေ သေသွားကြရှာတယ်။

အချော့နမြူ၊ အရယ်အပြုံးဆိုတဲ့ အဓိက ကလေး အာဟာရ…နွေး

ထွေးတဲ့ မေတ္တာဓာတ်ကို ငတ်လို့ လေ..။

ကျွန်တော်ဆိုတဲ့ ကောင်ကလေ... ဇင်ဘာတွေမှာ မွေးတာ မဟုတ်တော့ ဇင်ဘာတွေ စကား မတတ်ဘဲ ကျန်းကျန်းမာမာပါပဲ...မြန်မာ(ဗမာ) စကားကို စတင် တတ်မြောက်ပါတယ်။

၁။ မေ့ (မေမေ)...။ ၂ ဖေ့(ဖေဖေ)... တတိယ တတ်မြောက်တဲ့ စကားလုံးက...ဟင်း...ဟင်း... ရှစ်ရှစ်( ချစ်ချစ်) ဖြစ်ပါတယ်။

အဲဒါ ပြောမလို့ ပါ။ အဲဒီမှာ စတွေ့တာလို့ ။

* * *

ဖေဖေ မေမေဆိုတဲ့ စကားနှစ်လုံးကို ကလေးတိုင်း စတင် တတ်မြောက်ကြတာ သိပ်မဆန်းပါဘူး။ ဒါ အရင်းနှီးဆုံး လူသားမဟုတ်လား။ ဆန်းတာက... တစ်ကမ္ဘာလုံး အသံထွက် ဆင်တူနေတဲ့ အချက်ပါပဲ။

ဖေဖေ မေမေ၊ ပါပါ မာမာ၊ ဖားသား မားသား၊ အပါး အမား...။ ပါဋ္ဌိမှာ တောင် မာတာ ပီတုတဲ့ ... မဆန်းဘူးလား ကိုယ့်လူ။ နေရှူးက သမီးငယ် အင်ဒီယာဂန္ဒီဆီ ရေးတဲ့ စာထဲ ဖတ်ဖူးတာပါ။ လူသားဟာ တစ်မျိုးတစ်စားတည်း ဖြစ်ကြောင်း ပုတ္တောဝါဒ ဆုံးမစာပါ။

ကျွန်တော့်ကို ဖေ့...မေ့ ခေါ်တတ်အောင် အဖေ အမေကပဲ သင်သလား လူပျိုကြီး အပျိုကြီးတွေ ဖြစ်ကြတဲ့ ဦးလေး အဒေါ်နဲ့ အဘိုး အဘွားကပဲ သင်သလား ကျွန်တော် မမှတ်မိတော့ပါဘူး...။

အဲ... "ရှစ်ရှစ်"ဆိုတဲ့ အင်မတန် လှပခန့်ညားတဲ့ စကားလုံးကို သင်ပေးသူကိုတော့ အသေအချာ မှတ်မိပါတယ်။

ကိုအညာသား ဖြစ်ပါတယ်။

ကိုအညာသားဟာ ကျွန်တော့် အဖိုး စက်သူဌေးကြီးရဲ့ မွေးစားသားပါ။ သူ့ကို မွေးစားပြီးမှ ဒီရေလို စီးပွားတက်လာလို့ အဖိုးရဲ့ Lucky Fello w လေးပေါ့၊ အသားက ညိုတာထက် အနက်ဘက်ကို ရောက်နေသူပါ။ ဂင်တိုတို ပုကစ်ကစ် နှုတ်ခမ်းထူထူ အသားဖြူဖြူဆိုတော့ ပြည်တွင်းဖြစ် ကပ္ပလီလိုဖွဲ့ရင် ကိုယ့်လူ မြင်မှာ ပါနော်...နာမည် အရင်းက မောင်ခိုင် ပါ။

ဒါပေမဲ့ အဖွားက ချစ်စနိုး အညာသား လို့ ခေါ်ရာက... သညာတွင်သွား အညာသား ဖြစ်လေရော့...။

တကယ်တော့ ကိုမောင်ခိုင်ဟာ အညာက ကောက်ရပြီး တောင်ငူဟိုဘက် သာဂရရွာကြီးမှာ လူမှန်းသိ ကြီးပြင်းရသူပါ။ အဲဒီဘက်က လူတွေ စကားပြောတဲ့ လေသံကိုက... ရှစ်နဲ့ ချစ် မကွဲတာပါ။

မင်းကို ငါချစ်တယ်ဆိုရင် မင်းကို ငါရှစ်တယ်လို့ ထွက်ပါလေရော။ ဟော့... ချစ်ချစ်ဆို၊ ဟော့... ရှစ်ရှစ်လို့ ပဲ ထွက်လေ့ရှိကြပါတယ်။

ကျွန်တော့်ရဲ့ ပုပ္ပါစရိယက ကျွန်တော့်ကို ရှစ်ရှစ်နဲ့ ပဲ သင်ကြားပေးလေတော့ ကျွန်တော် ချစ်ချစ်ကို ရှစ်ရှစ်လို့ အသံထွက်နဲ့ ပဲ ထွက်ခဲ့တာ သဘာဝကျပါတယ်နော့်... ရှစ်ရှစ်တဲ့ ၊ စကားသင် ဘီဂင်နာလေး ကျွန်တော့်အတွက် အသံထွက်ရတာလည်း လျှာခင်ချောတယ်လေ၊ ထွက်ရတာလည်း လွယ်တယ်လေ...ရှစ်ရှစ်။

အခုန ပြောခဲ့သလိုပေါ့။

တန်းလျားမှာ မွေးပေမယ့် ကျွန်တော်က သူဌေးကြီးရဲ့ မြေးဦးလေ။

"ယောက်ျားလေးဟ့ေ... ဖြူဖြူဖွေးဖွေး လုံးလုံးခဲခဲကြီးဟဲ့" ဆိုကတည်းက ဖိုးမောင်လှ ဆေးတံကြီးပဲ ပစ်ချလိုက်ရတော့ မလိုလို၊ မီးခိုးထောင်းထောင်း ထနေတဲ့ ဆေးတံအိုကို လက်မနဲ့ သိပ်ပြီး ထပ်ညှိရတော့မလိုလို၊ အိမ်ကြီး အပေါ်ထပ် တက်ပြေး... အိမ်သာထဲ ပြေးဝင်ပြီး အိမ်သာ ပြတင်းပေါက် လိုက်ကာတွေကိုပဲ ဝါးစားရတော့မလိုလို ဖြစ်သွားပါသတဲ့ ...။

(အိမ်သာထဲက ကြည့်မှ တန်းလျားကို မြင်ရလို့ ပါ)

ဖွားစောတင်ကတော့ နာပဟေ့ ဆိုကတည်းက တန်းလျားဦးခန်း အရက်ထိုင်သောက်နေတဲ့ ငစိုးမြင့်ကို မျက်စောင်းလှမ်းထိုးပြီး တချိုးထည်း မီးနေခန်းထဲ ရောက်နေခဲ့ပြီ။

ပြောချင်တာက ... သားအချစ် မြေးအနှစ်တဲ့ ။ ကျွန်တော်က အနှစ်လေ...။ ဖြစ်ချင်တော့ ကျွန်တော့်ကို မွေးပြီးမှ ကျွန်တော့် ဖခမည်တော်က လက်ဝါးစောင်း ပိုထက်လာပါတော့တယ်။

မူးမူးနဲ့ တောင်လိုမောက်နေတဲ့ လွှစာပုံကြီးကို မီးတင်ရှို့တယ်လေ၊ ဖွတ်ချက် ဖွတ်ချ်က မီးသတ်ကားနဲ့ မဟားတရား ငြိမ်းယူခဲ့ရပါပေကောလား။

သူကတော့ တဟားဟားရယ်လို့ ။

"ဘာလုပ်တာလဲ ငစိုးမြင့်" လို့ အမေက မေးတော့..

"လူတန်းစား ညှိတာ မိကြင်လှိုင်ရေ.. အဟေ့" တဲ့ ။

ကံကောင်းလို့ ... တစ်ဝင်းလုံး ပြာကျတော့မလို့ ။

"ကိုမောင်လှရယ်.. ကျွန်မမြေးကလေး ဆင်းဆင်းရဲရဲ တန်းလျား အခေါင်းပေါက်ထဲမယ်.. အဟင့်"

"ဒါဆိုလည်း မင်းကြည့်စီစဉ် မယ်စောတင်" ဆိုတဲ့ အစီအစဉ်လည်း ကျွန်တော့် ဖခမည်းတော်ရဲ့ လက်ဖမောင်းနဲ့ လက်ဝါးစောင်းကြောင့် ဆိုင်းငံ့ကာလ ဖြစ်သွားခဲ့ရပါသတဲ့ ။

အဲ့သမှာ ကိုအညာသားနဲ့ ကျွန်တော်တို့ စတွေ့တာ။

"ရှစ်ရှစ်" ဖြစ်စဉ်စတာ။

ပုခက်ထဲ သေးထဲပေမယ့် အတင်းဝင်နိုက် ဇွတ်ဝင်ဆွဲပြီး တဟဲဟဲဖက်နမ်း...၊ ပခုံးတင်ပြီး အိမ်ကြီးပေါ် ခေါ်ခေါ်သွားတတ်ပါတယ်

ဘယ်သူရှိရမလဲ ကိုယ့်လူရယ်၊ အညာသား ကိုမောင်ခိုင်ပေ့ါ...။

သူက မည်းမည်းဆိုတော့ ဖြူဖြူကစ်ကစ်လေး ကျွန်တော့်ကို အင်မတန် ချစ်ပုံလည်း ရပါတယ်။ အိမ်မကြီးနဲ့ တန်းလျားကြားမှာ သူဟာ ကျွန်တော့်အတွက် တာဝန်ကျေ ဆက်သားကြီး ဖြစ်လာပါတော့တယ်။

အဖိုး၊ အဖွား၊ ဦးလေး၊ ဒေါ်လေးတွေကလည်း ခမည်းတော်နဲ့ မျက်နှာကြော မတည့်တော့... အညာသား ခေါ်လာမှ ပဲ ကျွန်တော့်ကို ချစ်ခွင့်ရကြတာလေ။

ကျွန်တော့်မယ်တော်ကလည်း မာနကြီးတယ် မအေချစ် သမီးကိုး။ ဖအေက ကိုယ်တိုင် အမွေဖြတ်ထားတာ ၊ အဖေလာခေါ်မှ အိမ်ပေါ်တက်မတဲ့ လေ။

ကျွန်တော်ကိုယ်တိုင်ကလည်း ကိုမောင်ခိုင်ကို အလွန်ချစ်တယ်၊ အဖိုးဖြူဖြူ၊ အဖွားဖြူဖြူ အဖေ အမေ ဦးလေး အဒေါ် ဖြူဖြူတွေထဲ မည်းကနဲ ပြူထွက်နေတဲ့ ကိုအညာသားကို နတ်သားတစ်ပါးအလား ထ

င်မှတ်ထားနေခဲ့မှာ ပေါ့။

သူ့အသံ ကြားလိုက်တာနဲ့ ချေးတော သေးတောထဲ ဘယ်လောက်ပဲ အူဝဲ အော်နေနေ တိခနဲ တိတ်သတဲ့ ။ လက်မောင်း ဝဝကစ်ကစ်လေး တွေ မြှောက်ပြီး လက်ချောင်းလေးတွေ ကွေးချည်ဆန့်ချည်နဲ့ ကယ်ပါယူပါ လုပ်လေ့ရှိသတဲ့ ။ (အလဲ့... ရေးရင်း ကျွန်တော့်ကိုယ် ကျွန်တော် ပြန်မြင်နေရတယ်၊ ချစ်စရာ ကောင်းလိုက်တာ)

"ခေါ်ပါ့မယ်ကွာ.. ခေါ်ပါ့မယ်၊ ကဲ.. သွားမရှိတဲ့ ဟောဒီပါးစပ်လေးနဲ့ ငါ့ကို ရယ်ပြ.. ရယ်ပြ၊ ဟာဟ ရယ်တယ် ရယ်တယ်ဟေ့ လာထားပါးကို နမ်းမယ်... ၊ ဗိုက်ကို နမ်းမယ်၊ ရွှေပန်းပါ နမ်းမယ် ကွာ.... လာထား... အား.. မမလှိုင်ရေ သေးနဲ့ ပန်းတယ်ဗျ၊ ကဲ... ပန်းလေ နမ်းမယ်ကွာ"

"ဟဲ့... မောင်ခိုင် နင့်မျက်ခွက်တွေ စိုရွဲတာ အရေးမကြီးဘူး ကလေး သေးလန့်မယ်... ပေါက်ပြီးမှ အားရအောင် နမ်း"

(ဟဲ... ဟဲ... ကျွန်တော် အချစ်စမ်းနေတာ အမေရေ့)

အသမှာ တင် ကျွန်တော့် အာစရိယက ကျွန်တော့်ကို...

"မင်းကို နာမည်ဆန်း ပေးမယ်၊ အင်း.. ဇမ္ဗူတစ်ဝှမ်း... စိတ်ရွှင်လန်းလို့ ၊ ဇမ္ဗူတစ်ဝှမ်း... စိတ်ရွှင်လန်းစေဖို့ .. ငါနမ်းနေတုန်း... ငါ့မျက်နှာ သေးနဲ့ ဖြန်းတယ်၊ ငါ့သောက်ခွက် သေးနဲ့ လန်းတယ်၊ ဒီနေ့က စ မင်း နာမည် ရွှေဗန်း"

ပုခက်ထဲက အနှီးစိုတွေ သိမ်းထုတ်နေတဲ့ ကျွန်တော့်မယ်တော်က...

"ဟဲ့ မောင်ခိုင်.. အညာသား..၊ ငါ့သားလေးကို ဦးဦးဖျားဖျား နာမည် မဖျက်နဲ့ ၊ ကြီးတဲ့ အထိ သွားမယ်၊ ဘာရွှေပန်းလဲ...မခေါ်နဲ့ ၊ ရွှေပန်းဆိုတာ ကြီးလာရင် ဘာဖြစ်သွားမလဲ"

"ဟဲ…ဟဲ.. မမလှိုင်ကလည်း ၊ ပစောက်နဲ့ ပန်းတဲ့ ရွှေပန်းက ကြီးလာရင်.. အဲ… အီး… အဟီး…၊ ဟိုဟာ… ဖြစ်သွားမှာ ပေါ့၊ အခုဟာက ဗထက်ချိုင့် ဗန်းဗျ၊ ရွှေစင်အတိနဲ ပြုလုပ်ထားတဲ့ ဗန်းကလေး… ကျွန်တော့်ခေါင်းပေါ် တင်ပြီး ရွက်ထားရမယ့် ရွှေဗန်းလေးဗျ"

အဲဒီက စလို့ ကျွန်တော့် ငယ်နာမည် ရွှေဗန်းလို့ တစ်ဝင်းလုံးက ခေါ်ကြပါတော့တယ်၊ နောက်ဆုံး အဖိုးနဲ့ အဖွား ပါးစပ်ထဲပါ ကျွန်တော့် ရွှေဗန်းက ရောက်သွားပါတော့တယ်…တွင် သွားပါတော့တယ်။

အဖိုးအဖွားဆိုတဲ့ ဂေါင်ကပါ ရွှေဗန်းလေး ရွှေဗန်းလေးနဲ့ တဖွဖွ ခေါ်ကြပြီဆိုတော့ … မကြိုက်ဘူးလို့ ပြောနေတဲ့ မယ်တော်ပါ ရွှေဗန်းရတော့တာပေါ့…

ဟုတ်ကဲ့ ကိုအညာသားဟာ သူပြောသလိုပါပဲ။

ကျွန်တော့်ကို စွေ့ခနဲ ကောက်ချီချီရင်း ခေါင်းပေါ်မှာ တင်ပြီး ရှေ့လှည့်ထိုင်ခိုင်းတတ်ပါတယ်။ ပြီးမှ သူ့ဇက်ပေါ်မှာ ခြေထောက်ကလေး တွဲလောင်းချလို့ ခွထိုင်တဲ့ အကျင့်ကို ထရိန်နင် စတင်ပေးပါတယ်။

ကျွန်တော်က သူ့ဇက်ပေါ် ခွထိုင်ရင်း သူ့ဆံပင်ကောက်ကောက် ကွေ့ကွေ့တွေကို မြင်းလည်ဆံမွှေးလို ဆွဲထားတတ်ပါတယ်။ နောက်တော့ တဖြည်းဖြည်း နေသားကျပြီး သူ့ဇက်ပေါ်မှာ ကျွန်တော့်ကို လက်လွှတ်ထားနိုင်အောင် ကျင့်ယူပါတယ်။

ကျွန်တော်ကလည်း သူ့ဆံပင်ကို ဆွဲမထားဘဲ သူ့ဂုတ်ပိုးပေါ်မှာ ခေါက်ရိုးကျိုး မြင်းကုန်းနှီးလို ထိုင်တတ်လာပါတော့တယ်။

အဲ့သမှာ … သူက ကျွန်တော့်ခြေဖဝါးလေးကို ခြေဖနောင့်က ကိုင်ပြီး ဂျစ်ခနဲ လက်ညှိုးနဲ့ ကုတ်ပါတယ်။ ယားခနဲ နေတာပေါ့၊ ခစ်ခနဲ ရယ်မိ

တာပေ့ါ။

အဲသမှာ သူက စအော်ပေးတာ...

"ရှစ်ရှစ်"

ဂျစ်ခနဲ ကုတ်ရင်း"ရှစ်ရှစ်"

ခစ်ခနဲ ရယ်ရင်းက ရှစ်ရှစ်ဆိုတဲ့ အသံလေး ကျွန်တော့်ပါးစပ်က စ ထွက်ကျလာပါတော့တယ်။

(သုံးရက်အတွင်း ပီပီသသ ထွက်လာတာ အံ့ရော ရွှေဗန်းရာတဲ့ ။ မ သေခင် နှစ်ရက်အလိုမှာ ကိုမောင်ခိုင် ပြောပြခဲ့ရှာတယ်)

သူက ကျွန်တော့် ခြေဖဝါးကို ဂျစ်ခနဲ ကုတ်...၊ ကျွန်တော်က ရှစ်ရှစ် လို့ အော်လိုက်တာနဲ့ ကိုမောင်ခိုင်ရဲ့ လက်တစ်ဖက်ဟာ မြောက်တက် လာပြီး ကျွန်တော့်ပါးစပ်ထဲ ချောကလက် တစ်ဖဲ့ ဝင်လာပါတယ်။

ဆက်ကပ်ထဲက အကောင်ပလောင်တွေကို ထရိန်နာတွေ သင်တဲ့ နည်းပါပဲ။ တစ်ခုခု ခိုင်း၊တစ်ခါလုပ်ပြီးတိုင်း ဆုချတဲ့ အနေနဲ့ အစာကျွေး တဲ့ နည်းပါ၊ သိပ်မသင်လိုက်ရပါ၊ အော်တို ဖြစ်စဉ် ကလေးလို ထရိန်နင် ဝင်သွားတယ်။

"ဂျစ်"

"ရှစ်ရှစ်"

"ပလုပ်"

ပလုပ်ဆိုတာက ချောကလက် ဟပ်တဲ့ အသံပါ။ ကိုအညာသားက အ ဖွားရဲ့ သားရေစာ ကြောင်အိမ်ကို တံခါးမရှိ၊ ခါးမရှိ ဖွင့်ပိုင်ခွင့် လိုင်စင် ရှိတယ်လေ။ သစ်ကုန်သည် တွေကလည်း အကောင်းစားမုန့်တွေ၊ ချော

ကလက်တွေနဲ့ အကြီးတို့ အဒေါ်တို့ ဦးတို့ အဒေါ်တို့ ဖို့ ဆိုကြပေမယ့် အမေ့အစ်မ ကျင်အေးမြိုင် ကို မျက်စောင်းတထိုးထိုး ဝိုင်းပိုးနေကြတာဆို တော့…

ဘယ်လိုပြောရမလဲ ရှစ်ရှစ် သင်တန်း ရိက္ခာစိုပြည်တာပေ့ါ…နော့။

* * *